# တိုင်းရင်းသားလူမျိုးများ၏
# အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ

# Ram leilung fa hnam tinte
# hamthatna leh chanvo humhalhna dan

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

(2015 Pyidaungsu Hluttaw dan No.8)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

(2015 February ni 24)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| 1. | Bung 1<br>Hming leh a awmzia hrilhfiahna | 1 |
| 2. | Bung 2<br>Thil tumte | 3 |
| 3. | Bung 3<br>Ram leilung fa hnam tintehamthatna te leh chanvo te | 4 |
| 4. | Bung 4<br>Union Ministry din dan lehUnion Minister ruat dan | 7 |
| 5. | Bung 5<br>Union Ministry mawhphurhna leh a thawh turte | 9 |
| 6. | Bung 6<br>Ram leilung fa hnam tinte hamthatna leh chanvo venhimna | 13 |
| 7. | Bung 7<br>Danin a khapte | 17 |
| 8. | Bung 8<br>Hremn | 17 |
| 9. | Bung 9<br>Thu dang | 18 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက်များ | ၃ |
| ၃။ | အခန်း(၃)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်<br>ရပိုင်ခွင့်များ | ၄ |
| ၄။ | အခန်း(၄)<br>ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး<br>ခန့်အပ်ခြင်း | ၇ |
| ၅။ | အခန်း(၅)<br>ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၆)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး<br>ကာကွယ်စောင့်ရှောက်ခြင်း | ၁၃ |
| ၇။ | အခန်း(၇)<br>တားမြစ်ချက်များ | ၁၇ |
| ၈။ | အခန်း(၈)<br>ပြစ်ဒဏ်များ | ၁၇ |
| ၉။ | အခန်း(၉)<br>အထွေထွေ | ၁၈ |

**Ram leilung fa hnam tinte**
**hamthatna leh chanvo humhalhna dan**
**(2015 Pyidaungsu Hluttaw dan No.8)**
**(2015 February ni 24)**

Pyidaungsu Hluttaw chuan he dan hi a duang a ni.

## Bung 1
## Hming leh a awmzia hrilhfiahna

1. He dan hi 'Ram leilung fa hnam tinte hamthatna leh chanvo humhalhna dan,' tia koh tur a ni.

2. He dana thumalte hi a hnuaia tarlan angin chhan a nei tur a ni.

   (a) 'Ram leilung fa hnam tinte' tih thumal awmzia chu Kawlram (Union of Republic of Myanmar) hi pian leh murna ram ni a, a pi leh pu thang atanga awmhmun khuara lo cheng tawh hnam zawng zawng sawina a ni. He thumal hian ram mia pawm chawp te ( ) leh ram dang mi, ram mia la pawm lohte te a huam lo.

# တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး
# ကာကွယ်စောင့်ရှောက်သည့် ဥပဒေ
# (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)
# ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၇ ရက်
# (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(b) 'Union Ministry' ( ) tih chu he dan anga din ‘Ram pumhuap ram leilung fa hnam tinte chungchanga roreltu pawl,’ tihna a ni.

(c) 'Union Minister' ( ) tih chu ram dan bulpui anga ram President-in Pyidawngsu Hluttaw remtihnaa mawhphurhna a pek ‘Ram pumhuap ram leilung fa hnam tinte chungchanga roreltu pawl hotu lu ber,’ tihna a ni.

(d)'Region/State Ministry' ( tih chu ram dan bulpui anga ram President-in, kha Region/State Hluttaw remtihnaa 'Ram leilung fa hnam tinte chungchang rorel tura mawhphurhna a pek roreltu pawl,' tihna a ni.

(e)'Region/State Minister' ( tih chu ram dan bulpui anga ram President-in kha Region/State Hluttaw remtihnaa mawhphurhna a pek 'Ram leilung fa hnam tinte chungchanga roreltu pawl hotu,' tihna a ni.

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(f) 'Ram leilung fa hnam tinte chungchang' ( tih chu 'Ram leilung fa hnam tinte tawng, lehkha, themthiamna bik, hnam zia, hnam nunphung leh sakhaw biak, hmasang hnam ro thil te, inremna, ram dan bulpuiin a sawi chanvote leh hringnun hmasawnna leh thanchhohna kawng chi hrang hrang,' sawina a ni.

**Bung 2**
**Thil tumte**

3. He danina a tumte chu a hnuaia ang hi a ni.

(a) Ram leilung fa hnam tinten ram mi nihnaa hamthatna leh chanvote chu inang thlapa an neih theih nan.

(b) Hnam khat leh hnam khat inngeih leh inpawh taka inpumkhatna thinlung dik tak pu-a lungrual taka kumkhuaa chenzaho theih nan.

(c) Ram leilung fa hnam tinte tawng, lehkha, themthiamna bik, hnam zia, hnam nunphung leh hmasang hnam ro thilte humhalha tihhmasawn theih nan.

(စ) **တိုင်းရင်းသားရေးရာဆိုသည်မှာ** တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ် ၊ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ် အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏စကား၊စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့်သမိုင်းအမွေအနှစ်တို့ကိုထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်၊

(d) Hnam khat leh hnam khat inkarah lungrualna te, inzah tawnnate leh intanpui tawnnate a lo ṭhanlen deuh deuh theih nan.

(e) Hnam hnufual deuhten zirna lam te, hriselna lam te, ei in zawnna lamte leh inkalpawhna lamte huamin ni tin nun khawsaknaah hma an lo sawn zel theih nan.

(f) Ram dan bulpuiin a sawi hamthatnate chu hnam tinin a bo a bang awm lova an chan vek theih nan.

## Bung 3

## Ram leilung fa hnam tintehamthatna te leh chanvo te

4. Ram leilung fa hnam tinte chuan, ram himna, dan thuneihna leh khawtlang ralmuanna, mipuiten nun dan tha an neih theih nana duan, dan ding lai a kalh loh phawt chuan;

(ဃ) တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန်။

## အခန်း (၃)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်-

(a) Mahni hnam tawng, lehkha, themthiamna bik,hnam zia, hnam nunphung leh sakhaw biaknaahtechuan zalen takin thu an nei thei.

(b) Mahni hnam tawng leh lehkhate chu zirna lama sawrkar hmachhawp leh a tumte a dipdal loh chuan an zirin an zirtir thei.

(c) Mahni hnam leh hnam nunphungin a chhawm, kut ni vangthla leh ni bikte chu zalen takin an hmang thei.

(d) Mahni lehkha leh themthiamna bikte chu tihmasawn zel tura siam that leh chher thar theihna leh hnam zia te pawh zalen taka chhuichianna leh phochhuah theihna an nei.

(e) Lehkha zir theihna, damdawi inenkawl theihna, hna neih theihna leh insumdawn tawnnaah hamthatna leh chanvo inang thlap an nei thei.

(f) Mahni hnam nunphungin a chhawm ramhmul damdawi leh inenkawl dante a zuih ral loh nan humhim, zawn chhuah leh tihhmasawn theihna an nei.

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာ တို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေး မူဝါဒကို ထိခိုက်မှု မရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူ ခွင့်ရှိသည်။

(ဂ) မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက် သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက် စေရန်တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့်ယဉ်ကျေးမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင် ရပိုင်ခွင့်နှင့် စီးပွားရေး လုပ်ငန်းများတွင် တန်းတူ ညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကော ပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(g) Mahni hnam ro thilte chu humhalh, venhim leh enkawl theihna an nei.

(h) Ram Dan bulpuiin a bithliah chin mi pum an awm chuan mahni chenna Region/State-ah leh Mahnia inrelbawl theihna ram bunga dan siamtu pawl zingah mahni hnam aiawh palai tel thei turin hma an la thei.

(i) Dan No. 4 (h) anga Region/State leh Mahnia inrelbawl theihna ram bunga dan siamtu pawla palai nei thei hnam an nih chuan, chu Region/State leh Mahnia inrelbawl theihna ram bung roreltu pawlah a bik takin hnam chungchanga thawk turin hnam aiawh palai an tel phalsak ngei tur a ni.

(j) Mahni hnam lo pianchhuah dan leh hmasang chanchinte chhuichhuah theihna leh hnam ro thilte chu dan ding lai anga humhalh leh venhim theihna an nei.

(ဆ) မိမိတို့၏ ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်သော လူဦးရေ ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြု ရေးတွင် မိမိတို့ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့် ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက် နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့် ရှိရမည်။

## Bung 4
## Union Ministry din dan lehUnion Minister ruat dan

5. Ram leilung fa hnam tinte awmna ram bung chhung hmasawnna tura hnathawhna te, ruahmanna te, sumdawnnate leh ram bung chhunga leilung hausakna lak leh hman chhuah chungchanga ruahmannate chu, kha ram bung chhunga cheng ram leilung fate hnenah kimchang tak leh dik taka hriattir hmasak phawta inbiakremna siam a nih hnu chauhva thawh tur a ni.

6. Ram President chuan ram leilung fa hnam tinte chungchang a bik taka hmalaa thawk turin 'Ram pumhuap ram leilung fa hnam tinte chungchanga roreltu pawl' (Union Ministry) chu Pyidawngsu Hluttaw remtihnain a din tur a ni.

7. Ram President chuan,

   (a)Ram pumhuap ram leilung fa hnam tinte chungchanga roreltu pawl hotu lu ber (Union Minister) atana mawphurhna pe turin Hluttaw palai zianga mi emaw, Hluttaw palai ni lo emaw, ram Dan bulpui dan No.232 (a)-ina a phut tlinna nei chu a thlang ang a, Pyidaungsu Hluttaw-ah hming theh lutin remtihna a la tur a ni.

## အခန်း (၄)
## ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာကြိုတင်ချပြအသိပေး၍ညှိနှိုင်းဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကိုအလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည်-

(က)ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးရန် လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲက ဖြစ်စေ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်ကို ရွေးချယ်၍ ယင်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

(b) Union Minister mawhphurhna la tura ruat chu Pyidaungsu Hluttaw-in rem a tih loh chuan a aiah mi dang ruatin hming a pe lut leh thei.

(c) Pyidaungsu Hluttaw-in rem a tih tawh chuan Union Minister ni turin mawhphurhna a pe ang.

8. Union Minister chuan President kaihhruaina hnuaiah mawhphurhna a la ang. Minister thawh chhung chu a tlangpui thuin President hna thawh hun chhung ang a ni

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့် ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

## Bung 5

## Union Ministry mawhphurhna leha thawh turte

9. Union Ministry mawhphurhna leh a thawh turte chu a hnuaia ang hi a ni.

(a) He danina a tumte tipuitling tura hmachhawp leh thawh dan tur ruahman.

(b) Ram inawpna Dan bulpui leh he danina a sawi ram leilung fa hnam tinte hamthatna leh chanvote chu a bo a bang awm lova an chan theih nana humhalh.

(c) Ram leilung fa hnam tinte tawng, lehkha, themthiamna bik, hman zia leh hnam nunphungte vawnhim, humhalh leh hmasawn tura hmalak, hmasang thuhla leh hnam ro thilte zir chian, chhui chhuah leh venhim.

## အခန်း (၅)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်း အမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် ဆောင်ရွက်ခြင်း၊

(d) Ram leilung fa hnam khat leh hnam khat inkara lungrualna te, inzahthiam tawnnate leh intanpui tawnnate a lo thanlen deuh deuh theih nana hmalak.

(e) Hnam hnufual deuhte an ni tin nun khawsakna a lo thanchhoh zel theih nan zirna lam te, hriselna lam te, ei in zawnna lamte leh inkalpawhna lam kawng chi hrang hrangah hma an lo sawn zel theih nana hmalak.

(f) Ram leilung fa hnam khat leh hnam khat emaw, hnam pakhat zinga mahni leh mahni emaw, sakaw dang leh biakna dang emaw a tihhmelhema pawi a khawih loh phawt chuan mahni tawng, lehkha, hnam zia, sakhaw biakna leh hnam nunphungte chu zalen taka hman phalsak.

(g) Ram leilung fa hnam tinte hamthatna leh chanvote chu dan anga dik taka venhimsak.

(h) Ram leilung fa hnam khat leh hnam khat inkarah emaw, hnam pakhat zianga mahni leh mahni inkarah emaw inremlohna a lo awm chuan chalrema chinfelsa

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝ မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းရပ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ်တိုင်းရင်းသားလူမျိုးများအကြားဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(i) Ram leilung fa hnam tinte kawng chi hrang hranga hma an lo sawn theihna tur leh an lo changkan zel theihna tur zawnah zirchianna neihpui.

(j) Hnam tlem zawk leh chimrala awm mai tur hnam hnufualte tawng, lehkha, themthiamna bik, hnam zia leh hnam nunphungte chu zawn chhuah, humhalh, venhim leh tihmasawn tura hmalakpui.

(k) He danin a sawite hmalakna chungchangah sawrkar department leh pawlhote nena sawiho leh thawhho.

(l) Sawrkar laipuiin emaw, dan pakhat khatin emaw a pek ram leilung fa hnam tinte chungchanga tih tur awm apiang mawhphurhna lak.

10. Union Ministry chuan ram leilung fa hnam tinte chungchanga thawktu pawl hrang hrang chu sawrkar laipui remtihnainain a din tur a ni.

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည်လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

11. Union Ministry chuan ram leilung fa hnam tinte chungchangah hlawhtling taka hma a lak theih nan a tul dan azirin Committee leh Sub-Committee te, Union Ministry dangte nena inberawnnin a din thei a, chutianga din a nih chuan an thawh tur leh mawhphurhna pawh a bithliahsak nghal tur a ni.

12. Region/State Ministry chuan a thuneihhna hnuaiah ram leilung fa hnam tinte chungchanga thawktu pawl hrang hrang chu Region/State sawrkar remtihnain a din tur a ni.

13. Region/State Ministry chuan ram leilung fa hnam tinte chungchangah hlawhtling taka hma a lak theih nan Region/State sawrkar budget-ah kum tin a siam tel thin tur a ni.

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြား ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ် ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏ လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ် ထည့်သွင်း ရေးဆွဲရမည်။

## Bung 6

## Ram leilung fa hnam tinte hamthatna leh chanvo venhimna

14.Ram leilung fa hnam tinte chuan mahni hnam hamthatna leh chanvo an hloh chuan venhimna an neih theih nan an chenna Region/State sawrkarah thu a pu lut thei.

15.Region/State sawrkar chuan dan No. 14-na anga thu putluh a dawn chuan ram leilung fa hnam tinte hamṭhatna leh chanvo an hloh loh nan leh a tul dan azira a venhimsak theih nan:

(a) Region/State Minister chu mawhphurhna a pe tur a ni.

(b) Dan No.15 (a) anga mawhphurhna pek tur an awm loh chuan Region/State sawrkar Minister-te zinga Minister pakhat hnenah mawhphurhna a pe tur a ni.

## အခန်း (၆)
## တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ် စောင့်ရှောက်ခြင်း

၁၄။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန် ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်း မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

16. Dan No.15-na anga mawhphurhna nei Minister chuan,

(a) A mawhphurhna angin ram leilung fa hnam tinte hamthatna leh chanvo an hloh leh hloh loh a chhui chiang tur a ni.

(b) Dan No. 16 (a)-na anga a chhui chian hunah ram leilung fa tinte hamthatna leh chanvo an hloh ngei nia a hriat chuan venhima an awm theih nan Region/State sawrkar thutluknain emaw, Region/State Ministry dang te, sawrkar department leh pawl hrang hrang te, Mahnia inrelbawl theihna nei ram bung roreltute nen a tul dan anga inberawnin emaw a bawhzui tur a ni.

(c) Dan No. 16 (b) anga a bawhzuinaah Union Ministry dangte leh sawrkar department puihna a mamawh chuan Region/State sawrkarah emaw, Region/State sawrkar kaltlangin Union Ministry-ah emaw thu a thlen ang.

၁၆။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည်-

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ် ရမည်။

(ခ) ပုဒ်မခွဲ(က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

17. Region/State sawrkar chuan Dan No. 16 (c)-na anga thu lut a dawn chungchangah Union Ministry dang te, sawrkar department dangte puihna mamawh nia a hriat chuan sawrkar laipuiah a hriattir tur a ni.

18. Union Ministry chuan Dan No. 16 (c)-na anga thu lut a dawn chungchangah Union Ministry dang te, sawrkar department dangte puihna mamawh nia a hriat chuan sawrkar laipuiah a hriattir tur a ni.

19. Dan No. 15-na anga mawhphurhna nei Region/State Minister chuan a hmalakna zawnah ram leilung fa hnam tinte hamṭhatna leh chanvo a humhimsak thei dawn lo a nih chuan, chhan leh vang kimchang taka ziakin Region/State sawrkarah thu a theh lut tur a ni.

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်ရှိဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်း များ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှု ရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့် အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိပါက အကျိုး အကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

20. Region/State sawrkar chuan Dan No. 19-na anga thu lo lut chungchangah ram pumhuap dinhmuna chinfel tur chi nia a ngaih chuan a tul dan anga hma la chhunzawm zel turin sawrkar laipuiah a hlang chho ang.

21. (a) Sawrkar laipui chuan Dan No. 20-na anga thu lut chungchangah a tul dan anga hma la chhunzawm turin Union Minister chu mawhphurhna a pe tur a ni.

(b) Union Minister chuan Dan No. 21(a)-na anga mawhphurhna pek, ram leilung fa hnam tinte hamthatna leh chanvo hloh chungchangah a venhimsak theih nan Sawrkar laipui thutluknain emaw, he Union Ministry dang te, sawrkar department hrang hrang te leh sawrkar thuneitute nen inberawnin emaw hma a la tur a ni.

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၉ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့် ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

## Bung 7
## Danin a khapte

22. Mi tupawh, he danin a sawi ram leilung fa hnam tinte hamthatna leh chanvote chu chhan ha tawk tak nei lovin a dansakin a tihtawpsak tur a ni lo.

23. Mi tupawh, he danin a tarlante hi Politics thilah dik lo takin a hmang tur a ni lo.

24. Mi tupawh, ram leilung fa hnam tinte karah inhuatna, innghirhnghona, inlungruallohna pakhat khat chawk chhuak turin emaw, chuti ang rilru pua chet chhuah emaw a ti tur a ni lo.

## Bung 8
## Hremna

25. Mi tupawh, Dan No. 22-nain a khapte a bawhchhiata hrem tura a chungthu tihtluk a nih chuan, chu mi chu kum khat aia rei lo tantir emaw, cheng nuaikhat aia tam lo chawitir emaw, a chi hnihin emaw-a hrem tur a ni.

## အခန်း (၇)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၃။ မည်သူမျှဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စ အလို့ငှာ အလွဲသုံးစား မပြုလုပ်ရ။

၂၄။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

26. Mi tupawh, Dan No. 23-nain a khapte a bawhchhiata hrem tura a chungthu tihtluk a nih chuan, chu mi chu kum khat aia rei lo tantir emaw, cheng nuaikhat aia tam lo chawitir emaw, a chi hnihin emaw-a hrem tur a ni.

27. Mi tupawh, Dan No. 24-nain a khapte a bawhchhiata hrem tura a chungthu tihtluk a nih chuan, chu mi chu kum hnih aia rei lo tantir emaw, cheng nuaihnih aia tam lo chawitir emaw, a chi hnihin emaw-a hrem tur a ni.

## Bung 9
## Thu dang

28. Union Minister chuan Pyidaungsu Hluttaw rorelnaah emaw, Pyithu Hluttaw rorelnaah emaw, Amyotha Hluttaw rorelnaah emaw, ram leh mipui tana pawimawh ram leilung fa hnam tinte dinhmun chu a khat tawkin a hriattir tur a ni.

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၈။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

29. Union Minister chuan Dan No.(9)-in a sawi a mawhphurhna leh a thawh turte a bawhzuina zawnah a tul dan azirin Region/State Minister hnenah mawhphurhna a hlan chhawng thei.

30. Union Ministry chuan, he dan anga din Committee leh Sub-Committee te office hna chu mawhphurhna a laksak ang a, senso pawh a tumsak tur a ni.

31. He danin a sawi dan, dan bawhchhetute chu Police Department-in man theih leh khin theih nia ngaih a ni.

32. Region/State sawrkar chuan he danin a sawi, ram leilung fa hnam tinte chungchang pakhat khat bawhzui turin Region/State Affair Minister chu mawhphurhna pein a bawhzuitir tur a ni. Region/State Minister neihlohnaah chuan Region/State Chief Minister-ina mawhphurhna a pek Minister-in a bawhzui ang.

33. He danin a sawi, dan bawhchhiatna avanga khin a nih chuan Union Ministry phalna a la hmasa tur a ni.

၂၉။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၃၀။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၃၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်။

၃၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

34. He danin a sawite bawhzuina kawngah;

(a) Union Ministry chuan by-law leh dan tesepte chu sawrkar laipui remtihnain a siam thei.

(b) Union Ministry chuan thupek, thupek puanzarh, kaihhruaina leh bawhzui dante chu a siam thei.

(c) Region/State sawrkar chuan thupek, thupek puanzarh, kaihhruaina leh bawhzui dante chu a siam thei.

(d) Region/State Ministry chuan Region/State sawrkar remtihnain thupek, thupek puanzarh, kaihhruaina leh bawhzui dante chu a siam thei.

Union of Republic of Myanmar ram Dan bulpui anginahming ka ziah hnan a ni.

Sd/
Thein Sein
President
Union of Myanmar

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့( ဟွာလ်ငို)တို့ပူးပေါင်းဘာသာပြန်၍
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ထုတ်ဝေသည်။